## အမှာစာ

နာနီယာ စာအုပ်တွဲကို ဘာသာပြန်ဆိုလာခဲ့သည်မှာ "အရုဏာ၏ ခရီးသွားများ" (The Voyage of The Dawn Treader ) စာအုပ်သည် တတိယမြောက် စာအုပ်ဖြစ်သည်။ ဇာတ်လမ်းအရဆိုပါက ဤစာအုပ်သည် ငါးအုပ်မြောက် စာအုပ်ဖြစ်သော်လည်း ပုံနှိပ်ထုတ်ဝေသည့် ခုနှစ်အရ တတိယမြောက် စာအုပ်ဖြစ်သည်။ ဘာသာပြန်ဆိုခါစ အချိန်တုန်းက ကျွန်တော်သည် နာနီယာကို ဇာတ်ကားအဖြစ်သာ ကြည့်ခဲ့ဖူးပါသည်။ ဇာတ်ကားသည်လည်း ပုံနှိပ်ထုတ်ဝေသည့် စာအုပ်အစဉ်လိုက်သာ ထွက်ရှိလာခဲ့သောကြောင့် ထိုစဉ်က "ကေသရာဇ်၊ ကဝေမြေနှင့် အဝတ်ဗီရို" ကသာ နံပါတ်(၁)ဟု ထင်ခဲ့မိ၍ ထိုအစဉ်အတိုင်းသာ ပြန်ခဲ့မိခြင်း ဖြစ်သည်။ ထိုအကြောင်းကို အရင်စာအုပ်တွေထဲတွင်လည်း ပြောပြခဲ့ဖူးပါသည်။ ထို့အတွက်ကြောင့် အစဉ်အတိုင်း ဖတ်ရှုချင်ကြသော ပရိသတ်များကို ထပ်မံ၍ တောင်းပန်အပ်ပါသည်။

နာနီယာဇာတ်လမ်းများသည် ကျွန်တော်ကဲ့သို့ နာနီယာ ပထမဆုံး ကားကို ကြည့်ရင်း ကြီးပြင်းလာခဲ့ရသူများအတွက် ငယ်ဘဝ ပုံရိပ်များကို ပြန်လည်လွမ်းဆွတ်စေနိုင်သည့် ဇာတ်လမ်းများလည်း ဖြစ်သည်။ ထူးခြားဆန်းပြားသော ကမ္ဘာကြီးတစ်ခုသို့ အဝတ်ဗီရိုကြီးတစ်ခုမှ တစ်ဆင့် ရောက်ရှိသွားခဲ့ကြသော ကလေးများနေရာတွင် ကျွန်တော်တို့ကိုယ်တိုင် ရောက်နေသကဲ့သို့ ခံစားရင်း ကြီးပြင်းလာခဲ့ကြရသည် မဟုတ်ပါလော။ ဤဇာတ်လမ်းတွင်တော့ နာနီယာသို့ ငြိမ်းချမ်းရေး ရသွားပြီ ဖြစ်သောကြောင့် နန်းလုသူ မိရာဇ်က မလိုမုန်တပတ်ဖြင့် ပင်လယ်ရပ်ဝေးဒေသများသို့ စေလွှတ်ခဲ့သည့် သခင်ကြီးများကို လိုက်လံရှာဖွေရန် ဘုရင်မင်းမြတ် ကက်စပီယံကိုယ်တိုင် ပင်လယ်အတွင်းသို့ ရွက်လွှင့်လာခဲ့သော စွန့်စားခန်းကြီးအကြောင်းကို ဖတ်ရှုကြရပါလိမ့်မည်။ ထွက်ရှိခဲ့ပြီးသော ဇာတ်ကားနှင့် အနည်းငယ် ကွဲပြားသောကြောင့် ဖတ်ရှုသူများအနေနှင့် တစ်မျိုးတစ်ဖုံ ခံစားရမည်မှာ မလွဲမသွေပင် ဖြစ်သည်။

ဤစာအုပ်ပြီးနောက်ပိုင်းတွင် 'The Sliver Chair' , 'The Magician's Nephew', 'The Horse and His Boy' နှင့် 'The Last Battle' ဟူ၍ လေးအုပ်ကျန်ပါသေးသည်။ ဤအစဉ်အတိုင်း ဆက်လက် ထွက်ရှိလာပါလိမ့်မည်။ လက်ရှိတွင် 'The Sliver Chair' ကို ဘာသာပြန်ဆိုနေပြီ ဖြစ်သည်။ ဒုတိယစာအုပ်နှင့် တတိယ စာအုပ်အကြားတွင် အကြောင်းကြောင်းကြောင့် နှောင့်နှေးခဲ့ရသည့်အတွက် စာဖတ်ပရိတ်သတ်များကိုလည်း အနူးညွတ် တောင်းပန်အပ်ပါသည်။ စာအုပ်ကို ဖတ်ရှုနေရင်း တစ်စုံတစ်ရာ လိုအပ်သည်ကို တွေ့ရှိခဲ့ပါက ကျွန်တော်၏ ဘာသာပြန်အားနည်းမှုကြောင့်သာ ဖြစ်သောကြောင့် နားလည် ခွင့်လွှတ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

နာနီယာ စာအုပ်တွဲကို ဘာသာပြန်ဖြစ်ရန် အကြောင်းဖန်ပေးခဲ့ကြသော ဆရာကောင်းမြတ်လွန်းသော်နှင့် ချန်နယ်မြန်မာမှ ကျေးဇူးတင်ထိုက်သူများ၊ စာအုပ်ထုတ်ဖြစ်ရန်အတွက် အားထုတ်ပေးခဲ့သော ကိုပြည့်စုံကျော်၊ စာအုပ်တိုင်းကို သေချာဖတ်ရှု စစ်ဆေးပေးသော မသီရိထား၊ ကိုကျော်ဖြိုးနိုင်တို့နှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို အစဉ်အမြဲ ကျေးဇူးတင်လျက်...

**ဒီဇမ်မြူး**